## လစာဝင်ငွေခွန်

### ဘယ်သူတွေကပေးဆောင်ရမှာလဲ

❖ အလုပ်ရှင်ထံမှ လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ ထပ်ဆောင်းအခကြေးငွေ နှင့် ကော်မရှင်ခ ရရှိ ကြသူများက ပေးဆောင်ရပါမည်။

### ကင်းလွတ်ခွင့်ရှိပါသလား

❖ ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင်ရရှိသည့်လစာဝင်ငွေ၊ ပြည်တွင်းနေနိုင်ငံခြားသား နှင့် နိုင်ငံသားတို့၏ တစ်နှစ် စုစုပေါင်းလစာဝင်ငွေ ကျပ် ၄၈ သိန်း အထိ ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပါသည်။

### ဘယ်အချိန်မှာဆောင်ရမှာလဲ

➢ လစာဝင်ငွေရရှိချိန်မှာ ပေးဆောင်ရပါမည်။




### သက်သာခွင့်ပေးပါသလား

❖ အခွန်ထမ်းများ ရခွင့်ရှိသော သက်သာခွင့်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

- အခြေခံသက်သာခွင့်စုစုပေါင်းဝင်ငွေ၏ - ၂၀% (ကျပ် သိန်း ၁၀၀ ထက် မပိုရ)
- အတူနေမိဘတစ်ဦးလျှင် - ၁၀သိန်းစီ
- အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် - ၁၀သိန်းစီ
- အသက် ၁၈ နှစ်အောက်/ အိမ်ထောင်မရှိ - ၅ သိန်းစီ ပညာသင်ဆဲ နှင့် အသက်၁၈နှစ် ပြည့်ပြီး သော်လည်း ပညာသင်ကြားလျက်ရှိသော သားသမီးတစ်ဦးလျှင်
- အခွန်ထမ်းနှင့်အိမ်ထောင်ဖက်တို့၏အသက်အာမခံ ပရီမီယံ ပေးသွင်းငွေ
- လူမှုဖူလုံရေးရန်ပုံငွေ ထည့်ဝင်ငွေ(အခွန်ထမ်းအတွက်သာ)

### အခွန်ဘယ်လောက်ကျသင့်ပါသလဲ

❖ တစ်နှစ်အတွင်းရရှိသည့် စုစုပေါင်းလစာဝင်ငွေမှ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ်တွင်သာ အောက်ပါ နှုန်းဖြင့် ပေးဆောင်ရပါမည်။

| စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | နှုန်း | ကျသင့် အခွန် | အဆင့်ဆင့် ကျသင့် အခွန် |
|---|---|---|---|---|---|
| | မှ | ထိ | | | |
| | ကျပ် | ကျပ် | | | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀% | ၀ | ၀ |
| ၂ | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅% | ၁၅၀,၀၀၀ | ၁၅၀,၀၀၀ |
| ၃ | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀% | ၅၀၀,၀၀၀ | ၆၅၀,၀၀၀ |
| ၄ | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅% | ၁,၅၀၀,၀၀၀ | ၂,၁၅၀,၀၀၀ |
| ၅ | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀% | ၂,၀၀၀,၀၀၀ | ၄,၁၅၀,၀၀၀ |
| ၆ | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅% | | |

www.irdmyanmar.gov.mm website ရှိ Tax calculator တွင်ဝင်ရောက် တွက်ချက်ခန့်မှန်းနိုင်ပါသည်။



**တွက်ချက်ပုံ(နမူနာ)**

ဥပမာ - ဦးလှသည် နှစ်တစ်နှစ်အတွင်း လစာဝင်ငွေ ကျပ်သိန်း(၉၀ ) ရရှိပါက-

စုစုပေါင်း လစာဝင်ငွေ = ၉,၀၀၀,၀၀၀ ကျပ်

**(နုတ်) သက်သာခွင့်ပြုငွေများ**

အခြေခံသက်သာခွင့်
(၉,၀၀၀,၀၀၀/ - x ၂၀%) = ၁,၈၀၀,၀၀၀
အတူနေမိဘအတွက်သက်သာခွင့် = ၂,၀၀၀,၀၀၀
(တစ်ဦး: ၁,၀၀၀,၀၀၀/ - စီ x ၂ ဦး)
အိမ်ထောင်ဖက်အတွက်သက်သာခွင့် = ၁,၀၀၀,၀၀၀
သားသမီး(၂) ဦးအတွက်သက်သာခွင့် = ၁,၀၀၀,၀၀၀
(တစ်ဦး ၅၀၀,၀၀၀/ - စီ x ၂ ဦး)
ဦးလှနှင့် အိမ်ထောင်ဖက် အသက်အာမခံ = ၅၀,၀၀၀
[ ဦးလှအတွက် ၃၀,၀၀၀/ - + ဇနီး ၂၀,၀၀၀/ - ]
ဦးလှအတွက် ထည့်ဝင် လူမှုဖူလုံရေးရန်ပုံငွေ = ၅၀,၀၀၀
(၅,၉၀၀,၀၀၀)
အခွန်စည်းကြပ်ရန်ဝင်ငွေ = ၃,၁၀၀,၀၀၀ ကျပ်

**အခွန်တွက်ချက်ခြင်း**

ကျပ်သိန်း(၂၀)အထိ “ ၀% ” = ၀
၂,၀၀၀,၀၀၁ မှ ၃,၁၀၀,၀၀၀ အထိ = ၅၅,၀၀၀
(၁,၁၀၀,၀၀၀ x ၅% ဖြင့်)
တစ်နှစ် ကျသင့်အခွန် = ၅၅,၀၀၀ ကျပ်
တစ်လ နုတ်ယူရမည့်အခွန် = ၄,၅၈၃ ကျပ်




## ဘယ်လိုဆောင်ရမှာလဲ

- ❖ လစာထုတ်ပေးရန်တာဝန်ရှိသူက လစဉ်လစာကနုတ်ယူပြီး ပေးဆောင်ရပါမည်။
- ❖ လစာထုတ်ပေးရန်တာဝန်ရှိသူသည်-
  - တစ်နှစ်အတွက် ကျသင့်မည့် လစာဝင်ငွေခွန်ကို ခန့်မှန်းတွက်ချက်ရပါမည်။
  - လစာထုတ်ပေးသည့်အခါတိုင်း တစ်နှစ်အတွက် ကျသင့်သည့် လစာဝင်ငွေခွန်မှ လစဉ်အရစ်ကျ နုတ်ယူရပါမည်။
  - လစာနုတ်ယူထားသည့် လစာဝင်ငွေခွန်စာရင်း ပုံစံ ပတခ(ဝင)-၁၅ကို အလုပ်ခွင်တည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ တင်ပြ၍ သက်ဆိုင်ရာမြို့နယ် မြန်မာ့စီးပွားရေးဘဏ်သို့ အခွန်ငွေ ပေးသွင်းရပါမည်။
  - အစိုးရအဖွဲ့အစည်းဖြစ်ပါက နုတ်ယူသည့်နေ့တွင်လည်းကောင်း၊ ကုမ္ပဏီအပါအဝင် အခြားအဖွဲ့အစည်းဖြစ်ပါက လစာထုတ်ပေးသည့်နေ့မှ (၇)ရက်အတွင်းတွင်လည်းကောင်း ပေးသွင်းရပါမည်။
  - လစာနှစ်ချုပ်စာရင်းပုံစံ ပတခ(ဝင)-၁၆ကိုမူ ဝင်ငွေနှစ်ကုန်ဆုံးပြီး (၃)လအတွင်း ပေးပို့ရပါမည်။



## အခွန်ဆောင်ထားကြောင်း အထောက်အထားရယူမယ်

- ➢ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ အောက်ပါအထောက်အထားများ တင်ပြပြီး အခွန်ပေးဆောင်မှုမှတ်တမ်းစာအုပ် လျှောက်ထားရယူပါ။
  - (၁) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ( ၁ )စောင်
  - (၂) အိမ်ထောင်စုစာရင်းမိတ္တူ (၁)စောင်
  - (၃)ပတ်စ်ပို့ဓာတ်ပုံ (၁)ပုံ
- ➢ ကင်းလွတ်ခွင့်ရသည့် လစာ ဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားကို တောင်းခံပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးမည် ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးများနှင့် အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(ရုံးချုပ်) ၀၆၇-၄၃၀၅၃၃၃၊ ၀၆၇-၄၃၀၅၂၂၂၊ (ရန်ကုန်) ဖုန်း-၀၁-၃၇၈၃၇၀၊ ၃၇၈၃၇၂၊ (မန္တလေး) ၀၂-၃၀၁၉၂ သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## လစာဝင်ငွေခွန်ထမ်းဆောင်ရာတွင် သိရှိဆောင်ရွက်ကြရမည့် အချက်များ







Internal Revenue Department
Office Building (46), Nay Pyi Taw
https://www.irdmyanmar.gov.mm